## Network for Democracy and Development

## Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com


# မြန်မာ့နိုင်ငံရေးသုံးသပ်ချက် (၃/၂၀၁၁)

## ဓါးမိုး၍ ညှိတ်ကွင်းမသွင်းသင့်သည့် ပြည်တွင်းငြိမ်းချမ်းရေး

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဂါရီလ (၄) ရက်နေ့တွင် ဗြိတိသျှနယ်ချဲ့ကိုလိုနီလက်အောက်မှလွတ်လပ်ရေးရရှိခဲ့သည်။ ထိုလွတ်လပ်ရေးနှင့်အတူ ပြည်တွင်းစစ်မီးစတင်လောင်ကျွမ်းလာခဲ့သည်။ ပြည်တွင်းစစ်မီးစတင်ဖြစ်ပွားခဲ့ရသည့်အကြောင်းအရင်းကိုလေ့လာကြည့်မည်ဆိုလျှင် ဝါဒရေးရာအားပြိုင်မှု၊ တိုင်းရင်းသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရှိခြင်းကြောင့်ဖြစ်ကြောင်း အဓိကအကြောင်းအရင်းခံနှစ်ရပ်ကိုတွေ့ရပေသည်။ လွတ်လပ်ရေးရပြီးစမြန်မာနိုင်ငံတွင် အာဏာရ ဖဆပလနှင့်ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)တို့အကြား နိုင်ငံရေးအယူဝါဒအားပြိုင်မှုရှိခဲ့ပြီး ၁၉၄၈ ခုနှစ်၊ မတ်လ (၂၈)ရက်နေ့တွင် ဗကပမှတောခိုပြီး ဖဆပလအစိုးရကိုလက်နက်ကိုင်တော်လှန်ခဲ့သည်ကိုတွေ့ရသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဂါရီလ (၁၂) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသားခေါင်းဆောင်များသည် လွတ်လပ်ရေးကိုတောင်တန်းနှင့်ပြည်မ အတူတကွ ပူးတွဲရယူရန်နှင့် တိုင်းရင်းသားအားလုံးတန်းတူရည်တူရှိပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော စစ်မှန်သည့်ပြည်ထောင်စုတစ်ရပ်ကိုထူထောင်ရန် ပင်လုံစာချုပ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသားခေါင်းဆောင်များလုပ်ကြံခံရခြင်း၊ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့်ပြဋ္ဌာန်းချက်များမပါရှိခြင်း၊ လွတ်လပ်ရေးရပြီး အာဏာရ (ဖဆပလ) အစိုးရက ပင်လုံစာချုပ်ပါကတိကဝတ်များကိုချိုးဖောက်ခဲ့ခြင်းနှင့်တိုင်းရင်းသားများအပေါ်ဖိနှိပ်ခဲ့မှုများကြောင့် တိုင်းရင်းသားများကလက်နက်ကိုင်တော်လှန်ရေးစတင်ဆင်နွှဲခဲ့ကြသည်။

ဖဆပလ အစိုးရ၏ငြိမ်းချမ်းရေးဖိတ်ခေါ်သည့်ကာလတွင် လက်နက်ကိုင်အဖွဲ့များကို ရောင်စုံသူပုန်သောင်းကျန်းသူများအဖြစ်လည်းကောင်း၊ လက်နက်ချအညံ့ခံခိုင်းခြင်း၊ တပြိုင်တည်းတွင် စစ်ရေးအရထိုးစစ်ဆင်ခြင်းနှင့်စစ်အင်အားများတိုးချဲ့နေခြင်းတို့ကြောင့် (ဖဆပလ) အစိုးရ၏အပစ်ရပ်ငြိမ်းချမ်းရေးဖော်ဆောင်မှုများကို လက်နက်ကိုင်အဖွဲ့များက အယုံအကြည်မရှိခဲ့ကြကြောင်းတွေ့ရသည်။ ကရင်၊ မွန်၊ ရခိုင်ပြည်နယ်ဖွဲ့ပေးရေးသဘောထားရှိခဲ့သော်လည်း ဖဆပလအစိုးရ၏ ယာယီထွက်ပေါက်ရှာသည့်သဘောသာဖြစ်ခဲ့သည့်အတွက်လည်းကောင်း၊ ဖဆပလ အစိုးရ၏ငြိမ်းချမ်းရေးမူမှာလည်း ပြည်တွင်းစစ်ကိုစစ်ရေးအရဖြေရှင်းနိုင်ရန် အဓိကချမှတ်ခဲ့သည့်အတွက် အပစ်ရပ်ရေးမှာမအောင်မြင်ခဲ့ပေ။ ဤသို့ဖြင့် လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာပြည်အနှံ့အပြားတွင် ဖြစ်ပွားလာသောပြည်တွင်းစစ်မှာ တနေ့တခြားအရှိန်အဟုန်မြင့်လာပြီး ၁၉၅၈ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းက အိမ်စောင့်အစိုးရအဖြစ်ဖဆပလထံမှအာဏာသိမ်းယူခဲ့သည်။ အိမ်စောင့်အစိုးရ၏ (၁၈) လကြာသက်တမ်းအတွင်း အတိုက်အခံနိုင်ငံရေးပါတီများမှ ခေါင်းဆောင်များကိုဖမ်းဆီးထိန်းသိမ်းခြင်း၊ တစ်ကျွန်းပို့ခြင်း၊ လက်ရဖမ်းဆီးသတ်ပစ်ခြင်း၊ လက်နက်ကိုင်အင်အားစုများကိုအကြမ်းဖက်ဖြိုခွဲခြင်းတို့ကိုဆောင်ရွက်ခဲ့သည်။ ၁၉၆၀ ခုနှစ်တွင် ရွေးကောက်ပွဲတစ်ရပ်ကိုကျင်းပခဲ့ပြီး ဖဆပလ (သန့်ရှင်း)မှ အနိုင်ရရှိခဲ့သည်။ ပြည်ထောင်စုအစိုးရ (ပထစ)အဖြစ်ပြောင်းလဲခဲ့ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ပြည်နယ်များဖွဲ့စည်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီကိုဖွဲ့စည်းပေးခဲ့သည်။

တိုင်းရင်းသားအားလုံးတန်းတူရည်တူရှိသည့် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအတွက် အမျိုးသားညီလာခံကို ၁၉၆၂ ခုနှစ်၊ ဖေဖော်ဂါရီလ (၂၄)ရက်နေ့တွင် ခေါ်ယူကျင်းပခဲ့သည်။ မတ်လ(၁)ရက်နေ့ လူမျိုးပေါင်းစုံနီးနှောဖလှယ်ပွဲကြီးကို မြန်မာ့အသံအသံလွှင့်ရုံခန်းမကြီးတွင်ကျင်းပခဲ့ပြီး ဖက်ဒရယ်မူနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။ မတ်လ(၂)ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်းကဦးဆောင်ပြီး စစ်အာဏာသိမ်းခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဖက်ဒရယ်မူကြောင့် ပြည်တွင်းစစ်ကိုရပ်စဲနိုင်သည့်

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

အခြေအနေရှိခဲ့သော်လည်း တိုင်းပြည်ဖြိုခွဲရန်ကြံစည်နေသူများဟု စစ်အာဏာသိမ်းဗိုလ်ချုပ်ကြီးနေဝင်းက စွပ်စွဲခဲ့သည်နှင့်အတူ တိုင်းရင်းသားအင်အားစုများကိုပိုက်စိပ်တိုက်ဖြိုခွဲခဲ့မှုများကြောင့် မြန်မာပြည်ရှိတိုင်းရင်းသားအင်အားစုများအနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမရသည့်အဆုံး လက်နက်ကိုင်တော်လှန်တိုက်ပွဲဝင်ခဲ့ကြသည်။ တော်လှန်ရေးကောင်စီလက်ထက်တွင် ချွင်းချက်မရှိလွတ်ငြိမ်းချမ်းသာခွင့်ကိုပေးခဲ့သည်ဆိုသော်လည်း တိုင်းရင်းသားဒေသနေရာအသီးသီးတွင် ထိုးစစ်များကိုဆက်တိုက်ပြုလုပ်ခြင်းနှင့် အပြုတ်တိုက်ခြင်း စစ်ရေးလုပ်ငန်းစဉ်များကိုသာ အဓိကထားလုပ်ဆောင်ခဲ့သည်။ တော်လှန်ရေးကောင်စီ၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်၊ လက်နက်နှင့် ဒီမိုကရေစီလဲလှယ်ရေးအစီအစဉ်တွင် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ အဖွဲ့အစည်းအလိုက် လက်နက်နှင့် ဒီမိုကရေစီကို လဲလှယ်ခဲ့ကြသည်များလည်းရှိပေသည်။ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းသဘောမှာ အင်အားဖြိုခွဲသည့်သဘောသာလျှင်ဖြစ်ခဲ့သည်။

၁၉၆၃ ခုနှစ်၊ ဇွန်လ (၁၁)ရက်နေ့တွင် တော်လှန်ရေးကောင်စီမှ ပြည်တွင်းငြိမ်းချမ်းရေးကိုအကောင်အထည်ဖော်ဆောင်ရွက်ရန် အပစ်ရပ်ရေးကိုလုပ်ဆောင်ခဲ့သည်ကိုတွေ့ရသည်။ တော်လှန်ရေးကောင်စီ၏ တွေ့ဆုံဆွေးနွေးရေးကမ်းလှမ်းချက်အပေါ် တိုင်းရင်းသားအင်အားစုများကလည်းကြိုဆိုခဲ့ကြသည်။ တော်လှန်ရေးကောင်စီ၏ဖိတ်ခေါ်ချက်အရ တွေ့ဆုံဆွေးနွေးရန်တိုင်းရင်းသားလက်နက်ကိုင်အင်းအားစုများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ရောက်ရှိလာခဲ့ကြသည်။ သို့သော် တော်လှန်ရေးကောင်စီက အလံနီကွန်မြူနစ်ပါတီနှင့် တွေ့ဆုံဆွေးနွေးရေးကို ဩဂုတ်လ (၁၉) ရက်နေ့ကစပြီး ရပ်စဲလိုက်ပြီဟု ကြေညာခဲ့သည်။ အခြားသောလက်နက်ကိုင်အဖွဲ့များနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိုရိုးသားစွာကမ်းလှမ်းဆောင်ရွက်မည်ဆိုပါက ဆက်လက်ပြီးဆွေးနွေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပေသည်။ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ တစ်ဖွဲ့ချင်းသော်လည်းကောင်း၊ တပ်ပေါင်းစုအလိုက်သော်လည်းကောင်း၊ မိမိတို့ရပ်တည်ချက်နှင့်လိုအပ်ချက်များ၊ တပြည်လုံးအတိုင်းအတာအပစ်ရပ်စဲရေးကိစ္စများကို အပြန်အလှန်တင်ပြဆွေးနွေးခွင့်များရှိခဲ့ပြီး ပထမအဆင့်ပဏာမသဘောတူညီချက်များရရှိခဲ့ကြသည်။ ပထမအဆင့်တွေ့ဆုံဆွေးနွေးရေးအောင်မြင်ခဲ့ကာ ဒုတိယအဆင့်အနေဖြင့် မျက်နှာစုံညီဆွေးနွေးပွဲကြီးများဆက်တိုက်လုပ်ဆောင်ခဲ့ပေသည်။ ပြည်သူလူထုတစ်ရပ်လုံးငြိမ်းချမ်းရေးမျှော်လင့်ချက်ဖြင့် လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြသည်။ သို့သော် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်း အရှိန်အဟုန်မြင့်လာခဲ့သော်လည်း တကယ့်နိုင်ငံရေးဆွေးနွေးပွဲအဆင့်သို့မရောက်ရှိပဲ ဆွေးနွေးနေစဉ်ကာလအတွင်း တစ်ဖက်နှင့်တစ်ဖက်တင်းမာမှုများဖြစ်ကာ ငြိမ်းချမ်းရေးဖော်ဆောင်ချက်မှာ နိုဝင်ဘာလ (၁၈)ရက်နေ့တွင် တခန်းရပ်သွားခဲ့ရပေသည်။

တော်လှန်ရေးကောင်စီလက်ထက် ပြည်တွင်းငြိမ်းချမ်းရေးနှင့်တွေ့ဆုံဆွေးနွေးရေး ပျက်ပြယ်သွားခဲ့သည့်အခြေအနေကို လေ့လာကြည့်မည်ဆိုလျှင် တနိုင်ငံလုံးအတိုင်းအတာဖြင့်အပစ်အခတ်ရပ်စဲရေး၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကိုအာမခံရေး၊ နိုင်ငံရေးပါတီများ တရားဝင်ရပ်တည်ခွင့်နှင့်နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လူနည်းစုများ၏ရသင့်ရထိုက်သည့်အခွင့်အရေးများကိုအသိအမှတ်ပြုရေးနှင့် တိုင်းရင်းသားအားလုံးတန်းတူရည်တူရှိသည့် စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများက တင်ပြဆွေးနွေးချက်များကိုတော်လှန်ရေးကောင်စီက လက်မခံပဲတစ်ဖက်သက်ငြင်းပယ်ခဲ့မှုကြောင့် ပျက်ပြားသွားခဲ့ရကြောင်းတွေ့ရသည်။ တွေ့ဆုံဆွေးနွေးရေးကိုဟန်ပြပြုလုပ်ခဲ့ပြီး နိုင်ငံရေးအမြတ်ထုတ်ကာ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများငြိမ်းချမ်းရေးကိုကျောခိုင်းသွားပြီဆိုသည့်အကြောင်းပြချက်ဖြင့် အကြမ်းဖက်နှိမ်နင်းရန်တော်လှန်ရေးကောင်စီအစိုးရမှ ကြံစည်ခဲ့ခြင်းသာဖြစ်သည်။

ဗိုလ်ချုပ်ကြီး နေဝင်းဦးဆောင်သည့် တော်လှန်ရေးကောင်စီသည် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပါလီမန်ဒီမိုကရေစီကို အပြီးအပိုင်ဖျက်သိမ်းခဲ့သည်။ မြန်မာ့နည်းမြန်မာ့ဟန်ဆိုရှယ်လစ်လမ်းစဉ်ဖြင့် တပါတီအာဏာရှင်စနစ်ကို ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်အသက်သွင်းခဲ့သည်။ တိုင်းရင်းသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများပါဆုံးရှုံးခဲ့သည့်အတွက် ပြည်တွင်းစစ်မီးမှာအရှိန်အဟုန်ကောင်းစွာဖြင့် ပိုမိုတောက်လောင်လာခဲ့ပေသည်။ တပါတီအာဏာရှင် မဆလအစိုးရလက်ထက်တွင် တိုင်းပြည်နေရာဒေသအနှံ့ လူထုလှုပ်ရှားမှုများ၊ သပိတ်မှောက်မှုများဆက်တိုက်ဆိုသကဲ့သို့ဖြစ်ပေါ်ခဲ့သည်။ ထိုဖြစ်ပေါ်လာမှုများကို မဆလအစိုးရက ရက်ရက်စက်စက်အကြမ်းဖက်နှိမ်နင်းခဲ့မှုများ၊ သတ်ဖြတ်ခဲ့မှုကြောင့်လည်းကောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကလွဲပြီး မည်သည့်နိုင်ငံရေးပါတီမျှထူထောင်ခွင့်မရှိသည့်အတွက်ကြောင့်လည်းကောင်း၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမရတော့သည့်အဆုံး လက်နက်ကိုင်တောခိုမှုများတနေ့တခြားပိုမိုများပြားလာခဲ့ပေသည်။

၁၉၈၀ ခုနှစ်၊ မေလ(၂၇)ရက်နေ့တွင် တစ်ပါတီအာဏာရှင် မဆလအစိုးရက ၂/၈၀ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကို ကြေညာခဲ့ပြီး တော်လှန်ရေးကောင်စီလက်ထက်မှစ၍ ဖမ်းဆီးခံထားရသောနိုင်ငံရေးအကျဉ်းသားအားလုံးကိုလည်းလွှတ်ပေးခဲ့သည်။ ထိုလွတ်ငြိမ်းချမ်းသာခွင့်ကြောင့် လက်နက်ကိုင်အင်အားစုအချို့မှ လက်နက်ချအလင်းဝင်ခဲ့ကြသည်ကိုတွေ့ရသည်။ ထို့နောက် အပစ်အခတ်ရပ်စဲရေးနှင့် တွေ့ဆုံဆွေးနွေးရေးများကိုပြုလုပ်ခဲ့ကြသော်လည်း မဆလအစိုးရက ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဘောင်အတွင်းမှဆောင်ရွက်မည်ဟု ထပ်ကာပြောဆိုသည့်အတွက် အပစ်ရပ်တွေ့ဆုံဆွေးနွေးရေးများပျက်ပြယ်သွားခဲ့ရပေသည်။

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

တစ်ပါတီအာဏာရှင်စနစ်ကြောင့် တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေးအဘက်ဘက်မှ ကျဆင်းလာပြီး ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး နိုင်ငံ LDC နိုင်ငံအဖြစ် ခံယူလိုက်ရပြီးနောက် လူထုဒုက္ခများစွာရောက်ခဲ့သည့်အတွက် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ(၈)ရက်နေ့တွင် သမိုင်းဝင် ရှစ်လေးလုံးဒီမိုကရေစီလူထုလှုပ်ရှားမှုကြီးတစ်ရပ်ပေါ်ပေါက်လာခဲ့သည်။ သမ္မတ(၃)ယောက်ပြုတ်ကျပြီးနောက် စက်တင်ဘာလ (၁၈)ရက်နေ့တွင် ဗိုလ်ချုပ်ကြီးစောမောင်ဦးစီးသည့် စစ်တပ်မှအာဏာသိမ်းပြီး န၀တ အစိုးရကိုဖွဲ့စည်းခဲ့သည်။ မြေပေါ်နိုင်ငံရေး လှုပ်ရှားမှုများကိုအစွမ်းကုန်နှိပ်ကွပ်သည့်နည်းတူ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများကိုလည်း အပြင်းအထန်ထိုးစစ်ကြီး များဆင်နွှဲခဲ့သည်။

၁၉၉၀ ခုနှစ်တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို န၀တအစိုးရမှ ကျင်းပပေးခဲ့သော်လည်း အနိုင်ရပါတီများကို လွှတ်တော်ခေါ်ယူခွင့်မပြု၊ အာဏာမလွှဲခဲ့ပေ။ ၁၉၉၂ ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီး စောမောင်အားတာ၀န်မှ အနားပေး ခံခဲ့ရပြီး ဗိုလ်ချုပ်ကြီးသန်းရွှေမှ န၀တ ဥက္ကဋ္ဌ တာ၀န်ယူခဲ့သည်။

၁၉၈၉ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) ပြိုကွဲခဲ့သည်။ ၎င်းနောက်ပိုင်းမှစ၍ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် န၀တ အစိုးရအကြား အပစ်အခတ်ရပ်စဲရေးအစီအစဉ်များပေါ်ပေါက်ခဲ့သည်ကိုတွေ့ရသည်။ ၁၉၈၉ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ အပစ်အခတ်ရပ်စဲ ရေးပြုလုပ်ခဲ့သောအဖွဲ့ပေါင်း (၁၇)ဖွဲ့မှာ-

| စဉ် | အဖွဲ့အစည်းအမည် | အပစ်ရပ်ရက်စွဲ |
|---|---|---|
| ၁။ | မြန်မာနိုင်ငံ လူမျိုးစုဒီမိုကရေစီတပ်မတော် ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ(၁) (ကိုးကန့်ဖွဲ့) (MNDAA) | ၃၁/၀၃/၈၉ |
| ၂။ | "၀"ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ(၂) (UWSA) | ၀၉/၀၅/၈၉ |
| ၃။ | အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ(၄) (မိုင်းလား/ အခါဒေသ) (NDAA-ESS ) | ၃၀/၀၆/၈၉ |
| ၄။ | ရှမ်းပြည်တပ်မတော် ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၃) SSA(N) | ၂၄/၀၉/၈၉ |
| ၅။ | ဒီမိုကရေစီသစ် တပ်မတော် (ကချင်) ကချင်ပြည်နယ် အထူးဒေသ(၁) NDA(K) | ၁၅/၁၂/၈၉ |
| ၆။ | ကချင်အမျိုးသားကာကွယ်ရေးတပ်မတော် ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ(၅) (KDA ) | ၁၁/၀၁/၉၁ |
| ၇။ | ပအိုဝ့်အမျိုးသားအဖွဲ့ချုပ် ရှမ်းပြည်နယ် အထူးဒေသ(၆) (PNO) | ၁၈/၀၂/၉၁ |
| ၈။ | ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော် (PSLA) | ၂၁/၀၄/၉၁ |
| ၉။ | ကယန်းအမျိုးသားကာကွယ်ရေးတပ် ကယားပြည်နယ်အထူးဒေသ (၁) (KNG) | ၂၇/၀၂/၉၂ |
| ၁၀။ | ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ ကချင်ပြည်နယ် အထူးဒေသ(၂) (KIO) | ၂၄/၀၂/၉၄ |
| ၁၁။ | ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး ကယားပြည်နယ် အထူးဒေသ(၂) (KNPLF) | ၀၉/၀၅/၉၄ |
| ၁၂။ | ကယန်းပြည်သစ်ပါတီ ကယားပြည်နယ် အထူးဒေသ (၃) (KNLP) | ၂၆/၀၇/၉၄ |
| ၁၃။ | ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (SNPLO) | ၀၉/၁၀/၉၄ |
| ၁၄။ | ကရင်နီပြည်တိုးတက်ရေးပါတီ(KNPP ) | ၂၁/၀၃/၉၅ |
| ၁၅။ | မွန်ပြည်သစ်ပါတီ (NMSP ) | ၂၉/၀၆/၉၅ |
| ၁၆။ | မော်တိုင်းတပ်မတော် (MTA) | ၀၅/၀၁/၉၆ |
| ၁၇။ | ဗမာပြည်ကွန်မြူနစ်ပါတီ - ရခိုင်ပြည်နယ်(CPB -Arakan) | ၀၆/၀၄/၉၇ |

အပစ်ရပ်စဉ်ကာလ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် (တွေ့ဆုံဆွေးနွေးရန်) အပစ်ရပ်အဖွဲ့များမှ တောင်းဆိုတင်ပြ ခဲ့သော်လည်း န၀တစစ်အစိုးရက အမျိုးသားညီလာခံတွင်သာ နိုင်ငံရေးကိစ္စများကိုဆွေးနွေးရန် တုန့်ပြန်ခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဇန်န ဝါရီလ (၉)ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံကို ခေါ်ယူကျင်းပခဲ့စဉ် အထူးဖိတ်ကြားသင့် သောကိုယ်စားလှယ်အစုအဖွဲ့အနေဖြင့် အပစ်ရပ်အဖွဲ့များတက်ရောက်စေခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များများမှ ကိုယ် စားလှယ်များမှာ မိမိတို့၏နိုင်ငံရေးခံယူချက်၊ ရပ်တည်ချက်များနှင့် တိုင်းရင်းသားတို့ရသင့်ရထိုက်သောအခွင့်အရေးများကို ဖွဲ့စည်း ပုံအခြေခံဥပဒေအတွင်းထည့်သွင်းရေးဆွဲရန် တစ်ဖွဲ့ချင်းသော်လည်းကောင်း၊ အဖွဲ့များအနေဖြင့်သော်လည်းကောင်း စုပေါင်းအဆိုပြု တင်သွင်းခဲ့ကြသည်။ သို့သော် စစ်အုပ်စုမှထည့်သွင်းစဉ်းစားလက်မခံခြင်းမရှိခဲ့သည့်အပြင် ထိုသို့တင်ပြလာသောအဖွဲ့များကို အကြပ်ကိုင်ဖိအားပေးခြင်းများပြုလုပ်ခဲ့သည်။ န၀တ စစ်အစိုးရ၏အတုအယောင်ညီလာခံတွင် အပစ်ရပ်အဖွဲ့များပူးပေါင်းဆောင် ရွက်စေခြင်းဖြင့် န၀တ စစ်အစိုးရ၏နိုင်ငံရေးအမြတ်ထုတ်ခြင်းကိုသာ ခံခဲ့ကြရသည်။

၁၉၉၇ ခုနှစ်၊ နို၀င်ဘာလ (၁၅)ရက်နေ့တွင် နိုင်ငံတော်ငြိမ်၀ပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့(န၀တ)ကို နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(နအဖ)အဖြစ် အမည်ပြောင်းလဲခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မေလ(၃၀)ရက်နေ့တွင် နအဖစစ်အစိုးရမှ

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ဒီပဲယင်းတွင် လုပ်ကြံတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ရပ်ဆိုင်းထားသည့်အမျိုးသားညီလာခံအား ပြန်လည်ကျင်းပခြင်းအပါအဝင် လမ်းပြမြေပုံ (၇)ရပ်ကို အကောင်အထည်ဖော်သွားရန် ဗိုလ်ချုပ်ကြီးခင်ညွန့်က ထုတ်ပြန်ခဲ့သည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရာထူးမှဖြုတ်ချလိုက်ပြီးနောက်ပိုင်း အပစ်ရပ်အဖွဲ့နှင့် နအဖအကြားဆက်ဆံရေးမှာလည်းအပြောင်းအလဲဖြစ်ခဲ့သည်။ ဆက်လက်ကျင်းပခဲ့သည့်အမျိုးသားညီလာခံတွင် တိုင်းရင်းသားကိုယ်စားလှယ်များ၏တင်ပြချက်များမှာ အရာမထင်ခဲ့ပေ။ လက်ရှိကျင့်သုံးနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) တွင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကိုအာမခံသည့်ပြဋ္ဌာန်းချက်များ၊ တိုင်းရင်းသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုအာမခံသည့်ပြဋ္ဌာန်းချက်များမပါရှိပဲ တပ်မတော်၏အခန်းကဏ္ဍနှင့်စစ်ခေါင်းဆောင်များ အာဏာတည်မြဲရေးများကိုသာအထူးအာမခံသည့် ပြဋ္ဌာန်းချက်များကိုသာတွေ့ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို အတည်ပြုပြီးနောက် ၂၀၀၉ ခုနှစ်၊ ဧပြီလ (၂၈)ရက်နေ့မှစ၍ အပစ်ရပ်အဖွဲ့များအားတပ်မတော်လက်အောက်ခံအဖြစ် ပြည်သူ့စစ်အဖြစ်လည်းကောင်း၊ နယ်ခြားစောင့်တပ်အဖြစ်လည်းကောင်း အသွင်ပြောင်းရန် နအဖစစ်အစိုးရမှဖိအားပေးလုပ်ဆောင်လာခဲ့သည်။ အပစ်ရပ်အဖွဲ့များမှ တပ်အသွင်ပြောင်းရေးနှင့်ပတ်သက်ပြီး သဘောထားအမြင်များကိုတင်ပြခဲ့ပြီး စစ်အစိုးရနှင့်အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၃၈) ဖော်ပြချက်ပါ “**နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ကွပ်ကဲမှုအောက်တွင်ရှိရမည်**” ဆိုသည့်အချက်ကို နအဖက အဓမ္မအကောင်အထည် ဖော်လာခဲ့သည်။ အချို့လက်နက်ကိုင် အင်အားစုများက နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ်အသွင်ပြောင်းသွားသော်လည်း အချို့အပစ်ရပ်အင်အားစုများက ယခင်ဗိုလ်ချုပ်ကြီးခင်ညွန့်လက်ထက် အပစ်အခတ်ရပ်စဲစဉ်ကာလသဘောတူညီချက်များတွင်မပါဝင်သော နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စကို လုံးဝလက်မခံခဲ့ပေ။ စစ်အစိုးရသည် နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ်အသွင်ပြောင်းရေးနှင့်ပတ်သက်ပြီး ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၁)အဖွဲ့၊ မြန်မာပြည်အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေးတပ်မတော်ကို စစ်ရေးအရထိုးစစ်ဆင်ကာ နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကို လက်မခံသည့် ဖုန်ကြားရှင်အား ဖယ်ရှားပစ်ခဲ့ပြီး ပယ်စောက်ချိန်ကိုအစားထိုး၍ နယ်ခြားစောင့်တပ်အဖြစ် ၎င်းတို့အလိုကျအသွင်ပြောင်းစေခဲ့သည်။ တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA)မှ တပ်ရင်းတပ်ဖွဲ့အချို့သည် နယ်ခြားစောင့်တပ်အဖြစ်အသွင်ပြောင်းခဲ့သော်လည်း လက်မခံသည့်အချို့တပ်ရင်းများက ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့ ရွေးကောက်ပွဲနေ့မှာပင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလက်မခံနိုင်ကြောင်း၊ ရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း၊ နိုင်ငံရေးအကြောင်းပြချက်ဖြင့် စစ်ရေးတိုက်ပွဲများကိုဖော်ဆောင်ခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲသည် ပြည်တွင်းစစ်ဖြင့်စခဲ့ပြီး ၂၀၁၁ ခုနှစ်၊ မတ်လတွင် ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း)တပ်ဖွဲ့နှင့်လည်းကောင်း၊ ဇွန်လ (၉) ရက်နေ့တွင် ကချင်လွတ်မြောက်ရေးတပ်မတော် KIA နှင့်လည်းကောင်း ကြံ့ဖွံ့အစိုးရတပ်များအကြားပြင်းထန်သောတိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့ပြီး ယခင်အပစ်အခတ်ရပ်စဲရေးကိစ္စများလည်း ပျက်ပြားခဲ့သည်။ ယခင်ကတည်းက အပစ်အခတ်ရပ်စဲရေးမလုပ်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ဒီမိုကရက်တစ်လက်နက်ကိုင်အင်အားစုများက ၎င်းတို့နယ်မြေများတွင် ထိုးစစ်ဆင်လာသည့် ကြံ့ဖွံ့အစိုးရတပ်များကို ဆက်လက်ခုခံတော်လှန်နေဆဲဖြစ်သည်။

**၂၀၀၉ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း နယ်ခြားစောင့်တပ်နှင့် ပြည်သူ့အစစ်အသွင်ပြောင်းခြင်းကို လက်ခံခဲ့သည့် အပစ်ရပ်အဖွဲ့များ**

| စဉ် | အပစ်ရပ်အဖွဲ့အမည် | အသွင်ပြောင်း နေ့စွဲ | တပ်ဖွဲ့များ |
|---|---|---|---|
| ၁။ | ဒီမိုကရေစီသစ်တပ်မတော် -ကချင်အထူးဒေသ (၁) NDA(K) | ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက် | ခစတ (၁၀၀၁၊ ၁၀၀၂၊ ၁၀၀၃)နယ်ခြားစောင့်တပ်ဖွဲ့ |
| ၂။ | ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး၊ ကယားပြည်နယ်အထူးဒေသ (၂) KNPLF | ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက် | ခစတ (၁၀၀၄၊ ၁၀၀၅) |
| ၃။ | မြန်မာပြည် အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေးတပ်မတော်၊ ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၁) MNDAA | ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ (၄)ရက် | ခစတ (၁၀၀၆) |
| ၄။ | လားဟူပြည်သူ့စစ်အဖွဲ့ ရှမ်းပြည်မြောက်ပိုင်း LDF | ၂၀၁၀ ခုနှစ်၊ မတ်လ (၃၀)ရက် | ခစတ (၁၀၀၇) |
| ၅။ | ရှမ်းပြည်နယ်အရှေ့ပိုင်း ဌာနေပြည်သူ့စစ် (လားဟူလူမျိုး) | ၂၀၁၀ ခုနှစ်၊ မတ်လ (၃၀)ရက် | ခစတ (၁၀၀၈) |
| ၆။ | ရှမ်းပြည်နယ်အရှေ့ပိုင်း ဌာနေပြည်သူ့စစ် (တာချီလိတ်) | ၂၀၁၀ ခုနှစ်၊ မေလ (၁၈)ရက် | ခစတ (၁၀၀၉) |
| ၇။ | ရှမ်းပြည်အရှေ့ပိုင်း (မက်မန်း) | ၂၀၁၀ ခုနှစ်၊ မေလ (၂၀)ရက် | ခစတ (၁၀၁၀) |

| | | | |
|---|---|---|---|
| ၈။ | တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် DKBA | ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ (၁၈) ၂၀-၂၂)ရက် | ခစတ (၁၀၁၁၊ ၁၀၁၂၊ ၁၀၁၃၊ ၁၀၁၄၊ ၁၀၁၅၊ ၁၀၁၆၊ ၁၀၁၇၊ ၁၀၁၈၊ ၁၀၁၉၊ ၁၀၂၀၊ ၁၀၂၁၊ ၁၀၂၂၊ ၁၀၂၃) |
| ၉။ | ရှမ်းပြည်တပ်မတော် အထူးဒေသ (၃)၊ ရှမ်းပြည်မြောက်ပိုင်း | ၂၀၁၀ ခုနှစ်၊ ဧပြီလအတွင်း | အမှတ် (၁၊ ၂၊ ၃) ဌာနေပြည်သူ့စစ် |

သမ္မတဦးသိန်းစိန်၏ ၂၀၁၁ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့ မိန့်ခွန်းပြောကြားရာတွင် "**အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်မှုနှင့် ပတ်သက်ပြီး မူဂါဒလမ်းစဉ် (၇)ရပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံသည့်သူများရှိနေသေးကြောင်း၊ မတူညီသည့်သဘောထားအမြင်များရှိကြသော်လည်း တိုင်းပြည်၏အကျိုးစီးပွားများအတွက် တူညီသည့်ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းကျစွာဖြင့် ရယူကြမည်ဆိုလျှင် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးတံခါးကိုဖွင့်ထားကြောင်း၊ လက်ကမ်းကြိုဆိုနေမည်ဖြစ်ကြောင်း**" ပြောကြားခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ (၂၈)ရက်နေ့တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့်ကြံ့ဖွံ့အစိုးရတို့အားပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အိတ်ဖွင့်ပေးစာတစ်စောင်အားပေးပို့ခဲ့ပြီး ပဋိပက္ခနှင့်ပြဿနာများကိုအင်အားသုံးမဖြေရှင်းရန်၊ နိုင်ငံရေးပြဿနာကိုနိုင်ငံရေးအရသာဖြေရှင်းရန်၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများတည်ဆောက်ရန်နှင့်အမြန်ဆုံးအပစ်အခတ်ရပ်စဲကြရန် တိုက်တွန်းနိုးဆော်ထားသည်ကိုတွေ့ရသည်။ ဩဂုတ် လ(၁၂)ရက်နေ့ နေပြည်တော်သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းက ကချင်လွတ်မြောက်ရေးတပ်မတော် KIA အား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အဖြစ် ပြင်းထန်စွာစွပ်စွဲပြောဆိုခဲ့သည်။ ဩဂုတ်လ (၁၈) ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးကိစ္စရပ်နှင့်ပတ်သက်ပြီး ကြံ့ဖွံ့အစိုးရ၏ ကြေညာချက်အမှတ် (၁/၂၀၁၁) ကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာခဲ့သည်။

၁။ နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းပြီး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို တည်ဆောက်ရန်အတွက် နိုင်ငံတော်အတွင်းရှိလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကိုတည်ဆောက်ကာ နေရာဒေသအနှံ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုနိုင်ငံတော်နှင့်ပြည်သူတရပ်လုံး ပူးပေါင်းတည်ဆောက်သွားရန်အထူးပင်လိုအပ်သည်ဟု ယုံကြည်ပါသည်။

၂။ လက်နက်ကိုင်ပဋိပက္ခများဖြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့တစ်ဖွဲ့ချင်းအလိုက် ပထမအဆင့်အနေဖြင့် ပဏာမဆောင်ရွက်ရန်လိုအပ်သောလုပ်ငန်းစဉ်များကိုဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

၃။ ပဏာမဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပြီးပါက နိုင်ငံတော်အစိုးရဘက်မှ ဆွေးနွေးမည့်အဖွဲ့အစည်း ဖွဲ့စည်းပြီး သက်ဆိုင်ရာ ငြိမ်းချမ်းရေးဖော်ဆောင်မည့် အဖွဲ့အစည်းနှင့်ဆွေးနွေးရေးလုပ်ငန်းစဉ်များကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

ထို့နောက် ဩဂုတ်လ (၂၂) ရက်နေ့တွင် စတင်သောပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အစီအစဉ်များတွင် ဗဟိုအဆင့်မှပြည်နယ်အဆင့်ထိ ငြိမ်းချမ်းရေးကော်မတီများကို ကြံ့ဖွံ့အစိုးရမှဖွဲ့စည်းပေးခဲ့သည်ကိုတွေ့ရသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြင့်စုဖွဲ့ထားသော ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)မှ "**ပြည်ထောင်စုအစိုးရ၏ ဖိတ်ခေါ်ချက်တွင် တစ်ဖွဲ့ချင်းသီးခြားဆိုင်ရာ ပြည်နယ်သို့မဟုတ်တိုင်းဒေသကြီးအစိုးရများနှင့် ပဏာမဆက်သွယ်ရန်ဆိုသည့်အချက်ကို လုံးဝလက်မခံကြောင်း၊ တစ်ဖွဲ့ချင်းဖိတ်ခေါ်မှုသည် တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုကို သပ်သျှိုဖြိုခွဲရာကျသည်ဟု ယူဆသည့်အပြင် ယခင်အတွေ့အကြုံများအရ တဖွဲ့ချင်းဆွေးနွေးခြင်းအားဖြင့်ထိရောက်မှုမရှိ၊ ရလဒ်ကောင်းမရနိုင်ကြောင်းကို တိုင်းရင်းသားအဖွဲ့အစည်းအားလုံးက ကောင်းစွာသိရှိပြီးဖြစ်ကြောင်း**" ဩဂုတ်လ (၂၈)ရက် ရက်စွဲဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ အတွင်းရေးမှူးထံ အကြောင်းပြန်ကြားခဲ့သည်။ ကြံ့ဖွံ့အစိုးရမှ ဖွဲ့စည်းပေးထားသော တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ (နအဖ ဝန်ကြီးဟောင်း) ဦးသိန်းဇော်နှင့် ကြံ့ဖွံ့ပါတီ အတွင်းရေးမှူး (နအဖ ဝန်ကြီးဟောင်း) ဦးအောင်သောင်းတို့ ဦးဆောင်သောအဖွဲ့နှင့် 'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA မှ ကိုယ်စားလှယ်များနှင့် စက်တင်ဘာလ (၆) ရက်၌လည်းကောင်း၊ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (သျှမ်းပြည်အရှေ့ပိုင်း) NDAA–ESS ကိုယ်စားလှယ်များနှင့် စက်တင်ဘာလ (၇) ရက်နေ့၌လည်းကောင်းတွေ့ဆုံခဲ့ပြီး "နှစ်ဖက်ပစ်ခတ် တိုက်ခိုက်မှု

မပြုလုပ်ရန်၊ ဆက်ဆံရေးရုံးများ ပြန်ဖွင့်လှစ်ရန်၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရာတွင် ပူးတွဲဆောင်ရွက်ရန်နှင့်နယ်မြေ ဖြတ်သန်းခွင့် ကြိုတင်အကြောင်းကြားရန်" စသည်တို့ကိုသဘောတူခဲ့ကြသည်။

အောက်တိုဘာလ (၁) ရက်နေ့တွင် ကြံ့ဖွံ့အစိုးရကိုယ်စားလှယ်များသည် UWSA ကိုယ်စားလှယ်များနှင့်ထပ်မံတွေ့ဆုံခဲ့သည်။ ကြံ့ဖွံ့အစိုးရနှင့် UWSA၊ NDAA-ESS အဖွဲ့များတွေ့ဆုံရာတွင် "**နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စကို မတောင်းဆိုတော့ပဲ စစ်အစိုးရမှ ယခင်ကျင့်သုံးခဲ့ပြီးသော နည်းဗျူဟာများအတိုင်းချဉ်းကပ်၍ နှစ်ဖက်ဆက်ဆံရေးတင်းမာမှုများ ယာယီလျော့ပါးစေရန် လုပ်ဆောင်သည့် ဆောင်ရွက်ခြင်းများသာဖြစ်ကြောင်း**" လေ့လာတွေ့ရှိရသည်။ ကြံ့ဖွံ့အစိုးရအနေဖြင့် တိုင်းရင်းသားအင်အားစု များနှင့်ငြိမ်းချမ်းရေးလုပ်ဆောင်နေပါသည်ဆိုသောအပေါ်ယံဟန်ပြလုပ်ရပ်များအဖြစ် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ ကိုနည်းလမ်းအမျိုးမျိုးဖြင့်ချဉ်းကပ်၍ အပစ်အခတ်ရပ်စဲရန်လုပ်ဆောင်လာသည်ကိုလည်းတွေ့ရှိရသည်။ တိုင်းရင်းသားလက်နက် ကိုင်အင်အားစုများ၏ နိုင်ငံရေးရပ်တည်ချက်များမှာလည်း ပြောင်းလဲမှုမရှိသည်ကိုတွေ့ရှိရသည်။ နိုင်ငံရေးပါတီများအပါအဝင် ပြည်တွင်းနိုင်ငံရေးအင်အားစုများကလည်း တိုင်းရင်းသားနယ်မြေများတွင် ဖြစ်ပွားနေသည့်စစ်ပွဲများကိုအမြန်ဆုံးရပ်စဲရန်နှင့်ငြိမ်း ချမ်းရေးကိုအမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းနေသကဲ့သို့ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းမှလည်း ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန် တွန်းအားပေးလျှက်ရှိသည်။

လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့တိုင် ပြည်တွင်းစစ်ဖြစ်နေသည့် အဓိကသော့ချက်ပြဿနာမှာ ဒီမိုကရေစီရေး၊ လွတ်လပ်မှုရှိရေး၊ တိုင်းရင်းသားတို့၏ တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကိုအသိအမှတ်မပြုလိုသောအစိုးရများကြောင့်သာဖြစ်ပေသည်။ ငြိမ်းချမ်း ရေးဟူသောခေါင်းစဉ်ဖြင့် ခေါ်ယူဆွေးနွေးခဲ့မှုများအားလုံးမှာလည်း မိမိ၏အစီအမံအတွင်းသို့သာ သွတ်သွင်းခဲ့ကြခြင်းဖြစ်သော ကြောင့် တောခိုလက်နက်ကိုင်သံသရာစက်ဝန်းများ မရပ်မနားပေါ်ပေါက်ခဲ့ရပေသည်။ ယနေ့စစ်မှန်သောပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်မည်ဆိုပါက ဒီမိုကရေစီရေး၊ လွတ်လပ်မှုရှိရေး၊ တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တောင်းဆိုမှုများအား ဖြေရှင်းလိုသည့် ဆန္ဒနှင့်အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိုဦးတည်သောလုပ်ဟန်များရှိရန်လိုအပ်သည်။ နိုင်ငံရေးအင်အားစုများအားလုံးနီးပါး ကန့်ကွက်ခဲ့ကြသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဆောင်ရွက်မည်ဟုဆိုပါက အောင်မြင်နိုင်မည်မဟုတ်ပါ။ ကြံ့ဖွံ့အမတ် များ၊ စစ်ဗိုလ်များလွှမ်းမိုးထားသည့်လွှတ်တော်များအတွင်းမှာလည်း ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန်ကောင်းမွန်သည့်ဆုံးဖြတ် ချက်များချမှတ်နိုင်မည့်အလားအလာမရှိနိုင်ချေ။ ပဋိပက္ခဖြစ်စဉ်ကိုအသိအမှတ်ပြုအလေးထားပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ ရေးကိုဦးတည်သည့်အားလုံးပါဝင်နိုင်သော နိုင်ငံရေးအရတန်းတူရည်တူရှိသည့် ပင်လုံစိတ်ဓါတ်အားဖြင့်ဆွေးနွေးအဖြေရှာရန် လိုအပ်ပါသည်။

ထိုသို့တွေ့ဆုံဆွေးနွေးနိုင်ရန်မှာ -

၁) နိုင်ငံရေးအကျဉ်းသားများအား ချွင်းချက်မရှိ အမြန်ဆုံးလွတ်ပေးရပေလိမ့်မည်။
၂) နိုင်ငံရေးအရ စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် နှစ်ဦးနှစ်ဘက် ရန်လိုသည့်အပြုအမူများကိုရှောင်ကြဉ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရလိမ့်မည်။

နှစ် (၆၀) ကျော်ကြာ ပြည်တွင်းစစ်သမိုင်းသင်ခန်းစာအရ သက်ဆိုင်ရာအစိုးရများအနေဖြင့် အတိုက်အခံများ၏တောင်းဆိုချက် များကိုပစ်ပယ်ပြီး မိမိတို့အစီအမံအောက်ထဲသို့ ခါးမိုး၍ညွှတ်ကွင်းဆင်ပါက ပြည်တွင်းစစ်သံသရာ ထပ်မံလည်နေဦးမည်သာ ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

***End of report/ Friday, November 04, 2011***
**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**
***Documentation and Research Department (NDD)***